# မာတိကာ


စာရေးသူ၏ကိုယ်ရေးအကျဉ်း --- ၅
ရှေးခေတ်အိန္ဒိယနှင့် ရခိုင်ဒေသမြေပုံ --- ၆
ဝေသာလီနှင့် လေးမြို့ခေတ် မြို့တော်များမြေပုံ --- ၇
ဆရာစစ်တွေစောနောင်၏အမှာ --- ၁၀
စာရေးသူ၏အမှာ --- ၁၄
နိဒါန်း --- ၁၇

## အပိုင်း (၁)

အခန်း (၁) စန္ဒာဒေဝီနှင့်ဝေသာလီနန်းဓလေ့ --- ၂၅
အခန်း (၂) ပါးတော်ကျောက်တုံးပန်းချီများကပြောသောရခိုင်သမိုင်းအဖြစ်အပျက်များ --- ၃၅
အခန်း (၃) ပါးတော်ကျောက်တုံးပန်းချီနောက်ဆုံးလေ့လာတွေ့ရှိချက်များ --- ၄၂
အခန်း (၄) ကာလ၊ ဒေသ၊ လူ့ပယောဂအမြင်ဖြင့် ကြည့်ရမည့် ပါးတော်ကျောက်တုံးပန်းချီများ --- ၄၉
အခန်း (၅) သိဂ်စန္ဒရားနှင့် ဒံရမာဇာလီ၊ ဒူရဘီ --- ၅၈
အခန်း (၆) နန်စော --- ၆၂
အခန်း (၇) ဘင်္ဂါ ၁၂ မြို့ဒေသ၌ ရခိုင်တို့မတိုင်မီ အုပ်စိုးခဲ့ကြသော မင်းဆက်များအကြောင်း --- ၆၈
အခန်း (၈) ဝေသာလီအကုန်လေးမြို့အကူး ရခိုင်သမိုင်းဖြစ်ရပ်များ --- ၈၂

## အပိုင်း (၂)

အခန်း (၉) ရခိုင်စန္ဒရား ၉ ဆက်၏နန်းစံသက္ကရာဇ်များနှင့်ပတ်သက်၍ အသစ်လေ့လာတွေ့ရှိချက်များ - ၉၁

## အပိုင်း (၃)

အခန်း (၁၀) ရမ်းဗြဲရခိုင်လေသံဖြင့်ရေးသော အစောဆုံးပုဂံကျောက်စာတစ်ချပ် --- ၁၀၉
အခန်း (၁၁) ပေါ်တော်မူဘုရားကျောက်စာကို ရခိုင်ဘာသာစကားအမြင်ဖြင့် ဖတ်ရှုခြင်း --- ၁၂၇
အခန်း (၁၂) တင်းခွန်၊ ကုက္ကား၊ မုလေးဖွား၊ ကြက်လျှာ၊ ဒက်စွန် --- ၁၃၀

* အက္ခရာဝလီအညွှန်း --- ၁၃၇




## စာရေးသူ၏အမှာ

ဝေသာလီ အကုန်လေးမြို့အကူးကာလသည် ယနေ့ခေတ်ရခိုင်တို့၏ သမိုင်းဖြစ်တည်မှု၊ ယဉ်ကျေးမှုဖြစ်တည်မှု၊ လူမျိုးရေးဖြစ်တည်မှုတို့အတွက် အထူးအရေးပါသော ဆုံမှတ်ကာလပင်ဖြစ်သည်။ ကာလတာရှည်ဖြစ်တည်လာခဲ့သော သမိုင်းရေး၊ ယဉ်ကျေးမှုရေး၊ လူမျိုးရေးဖြစ်စဉ်များသည် ဤကာလ၌ တစ်အိုးတည်းတွင် ရောကျိုလိုက်သကဲ့သို့ တစ်သားတည်းဖြစ်တည်လာနိုင်ပြီး သမိုင်းအဆင့်မီ လူမျိုးကြီးတစ်မျိုးအသွင်သို့ ဖြစ်ထွန်းလာနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ဤရောကျိုမှုဖြစ်စဉ်၏ ပင်မကြောရိုးမှာ ဗုဒ္ဓဘာသာပင်ဖြစ်သည်။ ဖြစ်စဉ်၌ အဓိကပါဝင်မောင်းနှင်ခဲ့ကြသူအားလုံးမှာ ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်ကြသူများဖြစ်သဖြင့်သာ ဤသို့ တစ်သားတည်း ရောနှောပေါင်းစည်း **(Assimilation)** နိုင်ခဲ့ကြခြင်းဖြစ်သည်။ ဤစာအုပ်သည် ဤသို့ ရောနှောပေါင်းစည်းမှုဖြစ်စဉ်၏နိဂုံးပိုင်းကို လေ့လာတင်ပြထားခြင်း ဖြစ်သည်။

ဤစာအုပ် (ဆောင်းပါးပေါင်းချုပ်)တွင် အပိုင်း(၁)၌ ဆောင်းပါး ၈ ပုဒ်၊ အပိုင်း (၂)၌ အပြီးသတ်စာတမ်းတစ်စောင်ပါဝင်ပြီး အပိုင်း(၃)တွင် ဆောင်းပါး ၃ ပုဒ် ပါရှိပါသည်။ အပိုင်း(၁) ဆောင်းပါး ၈ ပုဒ်မှာ အခန်း(၁) စန္ဒာဒေဝီနှင့်ဝေသာလီနန်းဓလေ့၊ အခန်း(၂) ပါးတော်ကျောက်တုံးပန်းချီများကပြောသော ရခိုင်သမိုင်းအဖြစ်အပျက်များ၊ အခန်း(၃) ပါးတော်ကျောက်တုံးပန်းချီနောက်ဆုံးလေ့လာတွေ့ရှိချက်များ၊ အခန်း(၄) ကာလ၊ ဒေသ၊ လူ့ပယောဂအမြင်ဖြင့်ကြည့်ရမည့် ပါးတော်ကျောက်တုံးပန်းချီများ၊ အခန်း(၅) သိဂ်စန္ဒရားနှင့် ဒံရမာဇာလီ၊ ဒူရဘီ၊ အခန်း(၆) နန်စော၊ အခန်း(၇) ဘင်္ဂါ ၁၂ မြို့ဒေသ၌ ရခိုင်တို့မတိုင်မီ အုပ်စိုးခဲ့ကြသော မင်းဆက်များအကြောင်း၊ အခန်း (၈) ဝေသာလီအကုန်လေးမြို့အကူး ရခိုင်သမိုင်းဖြစ်ရပ်များတို့ ဖြစ်ကြသည်။ စာရေးသူသည် "ပါးတော်ကျောက်တုံးပန်းချီများကပြောသော ရခိုင်သမိုင်းအဖြစ်အပျက်များ" ဆောင်းပါးကို ဂန္ဓပမဂ္ဂဇင်းသို့ ၃၀. ၈. ၁၉၉၈ ရက်စွဲဖြင့် ပေးပို့ခဲ့ပါသည်။ ယခုနောက်ဆုံးစာတမ်း "ရခိုင်စန္ဒရား ၉-ဆက်၏ နန်းစံသက္ကရာဇ်များနှင့် ပတ်သက်၍ အသစ်လေ့လာတွေ့ရှိချက်များ" ကို ၁၅. ၁၁. ၂၀၁၂ နေ့တွင် အပြီးသတ်နိုင်ခဲ့ပါသည်။ စုစုပေါင်း အချိန်ကာလ ၁၄-နှစ်ကျော်ခန့်ကို ဖြတ်သန်းပြီးမှ ဤစာအုပ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အပိုင်း(၃)တွင် ဆောင်းပါး ၃ ပုဒ် ပါဝင်ပြီး လေးမြို့ခေတ်အစောပိုင်းနှင့်ပတ်သက်သော ဆောင်းပါးများဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ရေးသားသော ဆောင်းပါးများဖြစ်သည်။



ဤစာအုပ်သည် ရခိုင်သမိုင်းဆရာကြီး ဦးစံသာအောင်၏ "အာနန္ဒစန္ဒြ၊ ရှစ်ရာစု ရခိုင်ဝေသာလီမင်း" စာအုပ်တွင် အဆိုပြုခဲ့သော "ရခိုင်စန္ဒရားမင်း ၉-ဆက်သည် အေဒီ ၈-ရာစုမှ ၁၀-ရာစု အကြားမင်းဆက်ဖြစ်ဖွယ်ရှိကြောင်း"အဆိုကို သက်သေထူနိုင်ရန်ကြိုးပမ်းထားမှု ဖြစ်ပါသည်။ ဤစာအုပ်၏နောက်ဆုံးစာတမ်း "ရခိုင်စန္ဒရား ၉-ဆက်၏နန်းစံသက္ကရာဇ်များနှင့် ပတ်သက်၍အသစ်လေ့လာတွေ့ရှိချက်များ"ကို ပြုစုနိုင်ရေးအတွက် ကြိုတင်အားဖြည့်သည့်အနေဖြင့် ကနဦးဆောင်ပါး ၈-စောင်ကို ဦးစွာရေးသားခဲ့ခြင်းဖြစ်သည်။ ဤဆောင်းပါး ၈-စောင်တွင် ရခိုင်စန္ဒရား ၉-ဆက်သမိုင်းကို ဖန်တီးခဲ့ကြသော နိုင်ငံရေးဖြစ်စဉ် ၈-ခုကို သုတေသနအမြင်ဖြင့် အသေးစိတ်တင်ပြထားပါသည်။ အထူးသဖြင့် အဖြစ်အပျက်များ ဖြစ်ပွားခဲ့ရာ အချိန်ကာလကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ရေးအတွက် ခေတ်ပြိုင်သမိုင်းအထောက်အထား၊ ကျောက်စာအထောက်အထား၊ ရှေးဟောင်းသုတေသန အထောက်အထားများဖြင့် သက်သေထူ၍တင်ပြထားခြင်းဖြစ်သည်။ ဤသို့ဖြင့် အရေးပါသော သက္ကရာဇ်နှစ်ခု ဖြစ်သည့် အေဒီ ၈၅၆ (ဝေသာလီကို သျှမ်းဖျက်နှစ်)နှင့် အေဒီ ၉၉၇ (သီရိစန္ဒရားနန်းတက်နှစ်)တို့ကို ဖော်ထုတ်ရရှိခဲ့ပါသည်။ ဤသက္ကရာဇ်နှစ်ခုကို မဏ္ဍိုင်ထား၍ စန္ဒရား ၉ ဆက် မင်းစဉ်ဇယားကို တည်ဆောက်ပါသည်။ ဤသို့မင်းစဉ်ဇယားကို တည်ဆောက်ရာ၌ အဖြစ်အပျက်နှင့် အချိန်ကာလ နှစ်ခုလုံးနှင့် တိုက်ဆိုင်ကိုက်ညီသော သူရိယစန္ဒရားဒင်္ဂါးနှင့် သီးယဂဏ္ဍစန္ဒြားဒင်္ဂါး နှစ်ချပ်ကို ခိုင်မာသော ရှေးဟောင်းသုတေသန အထောက်အထားများ အဖြစ် အသုံးပြုခဲ့ပါသည်။

အခန်းအမှတ် (၁)သည် ဝေသာလီခေတ်အတွင်း ရခိုင်မြေထက်၌ရှိနေနိုင်သော လူမျိုးများနှင့် ယင်းတို့၏ လူမှုရေးအခြေအနေကို ဖော်ပြသောဆောင်းပါးဖြစ်သည်။ အခန်းအမှတ်(၂)၊ (၃)နှင့် (၄)တို့သည် ဝေသာလီအား သျှမ်းဖျက်သည့်သက္ကရာဇ်ကို စူးစမ်းသောဆောင်းပါးများဖြစ်သည်။ အခန်းအမှတ်(၅) သည် သိဂ်စန္ဒရား ဘင်္ဂလားဒေသသို့ စစ်ချီသက္ကရာဇ်ကို ခန့်မှန်းချက်ဖြစ်သည်။ အခန်းအမှတ် (၆) ဝေသာလီကိုလာဖျက်သော သျှမ်းဆိုသူများသည် နန်စောများဖြစ်ကြောင်း ရှင်းလင်းချက်ဖြစ်သည်။ အခန်းအမှတ် (၇)သည် ဘင်္ဂလားစန္ဒရားမင်းဆက်နှင့် ရခိုင်ဝေသာလီ၏အဆက်အစပ်ကို ဖော်ပြခြင်းဖြစ်သည်။ အခန်းအမှတ် (၈) "ဝေသာလီအကုန် လေးမြို့အကူးရခိုင်သမိုင်းဖြစ်ရပ်များ" ကို ပုံနှိပ်ဖော်ပြခဲ့ရာတွင် (ဦးရာဇ်မြေမဂ္ဂဇင်း၊ အမှတ်-၉) အချို့ အယူအဆများ လွဲမှားပါဝင်သွားခဲ့သဖြင့် ဤစာအုပ်တွင် ပြန်လည်ပြင်ဆင်ဖြည့်စွက်ရေးသားခဲ့ရပါသည်။ အသစ်အသစ်ဖတ်မှတ်လေ့လာချက်များအရ အတွေးအမြင်သစ်များရရှိကာ ဤသို့ပြင်ဆင်ခဲ့ခြင်းဖြစ်ပါ သည်။ ကနဦးဆောင်းပါး ၈ စောင်ကို ပူးတွဲဖော်ပြရခြင်းမှာလည်း အပြီးသတ်စာတမ်းသည် ပဒေသာပင်မြေမှပေါက်သကဲ့သို့ အလွယ်တကူ ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ အဆင့်ဆင့်အချိန်ယူမှီငြမ်းပြီးမှ လက်စသတ်နိုင်ခြင်းဖြစ်ကြောင်း သိစေလို၍ဖြစ်ပါသည်။

ကနဦးဆောင်းပါး ၈ စောင်ကို ရခိုင်ရာဇဝင်သစ်ကျမ်းကပေးသော အချက်အလက်များအား အခြေခံ၍ တည်ဆောက်ခဲ့ပါသည်။ ယင်းကမှတစ်ဆင့် သုတေသနတွေ့ရှိချက်အသစ်များကို ဖော်ထုတ်ပါသည်။ အပြီးသတ်စာတမ်းကို ရေးသားရာတွင်ကား သုတေသနတွေ့ရှိချက်အသစ်များကို အခြေခံ၍ တည်ဆောက်ခြင်း ဖြစ်သည်။ ထို့ကြောင့် အပြီးသတ်စာတမ်းပါ အယူအဆအချို့သည် ကနဦးဆောင်းပါးများနှင့် ကွဲပြားမှုအချို့ရှိကြောင်း တွေ့ရပါမည်။ သုတေသနသဘောအရ အဆင့်ဆင့်ပြောင်းလဲလာသည်ကို လက်ခံနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်သည် သုတေသနစာတမ်းအဆင့်သာဖြစ်ပါသည်။ ရခိုင်သမိုင်းကိုအသစ်ပြဋ္ဌာန်းခြင်း မဟုတ်ပါ။ နောက်နောင်ပေါ်ထွက်လာမည့် အသစ်အသစ်သောသုတေသနပြုချက်များအရ ဤစာတမ်း၏အယူအဆများ တစ်ချိန်ချိန်တွင်ပျက်ပြယ်သွားနိုင်ခြေရှိပါသည်။ ယင်းသို့ချေဖျက်နိုင်သော သုတေသနစာတမ်း မပေါ်သေးသမျှကား